## ရာထူးတိုးမြှင့်ရေးဆိုင်ရာကိစ္စဆောင်ရွက်ခြင်း

## ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများရှိ ဌာနတွင်းဝန်ထမ်း(လစာနှုန်း၊ ၂၃၄၀၀၀-၂၀၀၀-၂၄၄၀၀၀) နှင့် (လစာနှုန်း၊ ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ )များအား ပြန်တမ်းဝင်အရာရှိအဆင့်(လစာနှုန်း၊ ၂၇၅၀၀၀-၄၀၀၀-၂၉၅၀၀၀) လစ်လပ်ရာထူးနေရာများ၌ ရာထူးတိုးမြှင့်ပေးရေးအတွက် တင်ပြလာသည့် အဆိုပြုချက်များနှင့် စပ်လျဉ်း၍ စိစစ်ဆောင်ရွက်ခြင်း

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် ပြည်ထောင်စုရာထူးဝန်အဖွဲ့နည်းဥပဒေများ၊ နည်းဥပဒေ (၂၂) မှ (၂၈) ထိ ပြဋ္ဌာန်းချက်များနှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ၁၄(ဂ)၊ ၃၄(ဂ)၊ ၃၇(င) နှင့် ၄၃ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများရှိ ဌာနတွင်းဝန်ထမ်း (လစာနှုန်း၊ ၂၃၄၀၀၀-၂၀၀၀-၂၄၄၀၀၀) နှင့် (လစာနှုန်း၊ ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ ) များအား ပြန်တမ်းဝင်အရာရှိအဆင့် (လစာနှုန်း၊ ၂၇၅၀၀၀-၄၀၀၀-၂၉၅၀၀၀) လစ်လပ်ရာထူးနေရာများ၌ ရာထူးတိုးမြှင့်ခန့်ထားနိုင်ရေးအတွက် ပေးပို့လာသည့် အဆိုပြုချက်များကို စနစ်တကျစိစစ်ပြီး (၁)လလျှင် (၂)ကြိမ် ကျင်းပသည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့အစည်းအဝေးများတွင်တင်ပြ၍ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများထံသို့ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီချက် ပြန်ကြားပေးခဲ့ပါသည်။

၂။ ၁၂ - ၁၂ - ၂၀၁၈ ရက်နေ့တွင် ကျင်းပခဲ့သော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ်( ၂၃/၂၀၁၈ )၌ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း (၅)ခုရှိ ရာထူးတိုးမြှင့်ရေးအဆိုပြုချက် (၇)ခုမှ ဝန်ကြီးဌာနအလိုက် သတ်မှတ်လုပ်သက်ပြည့်မီသည့် ဝန်ထမ်း(၁၀၅)ဦးတို့အား ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီခဲ့သည့် စာရင်းမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

| စဉ် | ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း | အဆိုပြု ဝန်ထမ်း ဦးရေ | အဆိုပြုသည့်ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးမှ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီခဲ့သည့်နေ့ရက် | ပြည်ထောင်စု ရာထူးဝန်အဖွဲ့မှ အဆိုပြုချက်လက်ခံ ရရှိသည့်နေ့ရက် | ပြည်ထောင်စုရာထူးဝန် အဖွဲ့ အစည်းအဝေးက သဘောတူညီခဲ့သည့် နေ့ရက်နှင့်အမှတ်စဉ် |
|---|---|---|---|---|---|
| ၁။ | ပြည်ထောင်စုတရားလွှတ်တော်ချုပ် | (၅)ဦး | ၂၆-၁၁-၂၀၁၈ | ၂၈-၁၁-၂၀၁၈ | ၁၂-၁၂-၂၀၁၈ (၂၃/၂၀၁၈) |

| စဉ် | ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း | အဆိုပြု ဝန်ထမ်း ဦးရေ | အဆိုပြုသည့်ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှု ကော်မတီအစည်းအဝေးမှ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီခဲ့သည့်နေ့ရက် | ပြည်ထောင်စု ရာထူးဝန်အဖွဲ့မှ အဆိုပြုချက်လက်ခံ ရရှိသည့်နေ့ရက် | ပြည်ထောင်စုရာထူးဝန် အဖွဲ့ အစည်းအဝေးက သဘောတူညီခဲ့သည့် နေ့ရက်နှင့်အမှတ်စဉ် |
|---|---|---|---|---|---|
| ၂။ | ကာကွယ်ရေးဝန်ကြီးဌာန<br>-ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)<br>ပစ္စည်းဝယ်ယူမှုညွှန်ကြားရေးမှူးရုံး | (၁)ဦး | ၂၇-၁၁-၂၀၁၈ | ၂၈-၁၁-၂၀၁၈ | ၁၂-၁၂-၂၀၁၈<br>(၂၃/၂၀၁၈) |
| ၃။ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန<br>(က) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန | (၁)ဦး | ၂၀-၁၁-၂၀၁၈ | ၂၉-၁၁-၂၀၁၈ | ၁၂-၁၂-၂၀၁၈<br>(၂၃/၂၀၁၈) |
| | (ခ) မြန်မာ့စာတိုက်လုပ်ငန်း | (၁၇)ဦး | ၂-၁၁-၂၀၁၈ | ၄-၁၂-၂၀၁၈ | ၁၂-၁၂-၂၀၁၈<br>(၂၃/၂၀၁၈) |
| | (ဂ) မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန | (၁)ဦး | ၂၂-၁၀-၂၀၁၈ | ၅-၁၂-၂၀၁၈ | ၁၂-၁၂-၂၀၁၈<br>(၂၃/၂၀၁၈) |
| ၄။ | ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန<br>- ပြည်သူ့ကျန်းမာရေးဦးစီးဌာန | (၂၀)ဦး | ၁၁-၁၀-၂၀၁၈ | ၂၈-၁၁-၂၀၁၈ | ၁၂-၁၂-၂၀၁၈<br>(၂၃/၂၀၁၈) |
| ၅။ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | (၆၀)ဦး | ၂၇-၁၁-၂၀၁၈ | ၂၈-၁၁-၂၀၁၈ | ၁၂-၁၂-၂၀၁၈<br>(၂၃/၂၀၁၈) |